## တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## တတိယနေ့အစီအစဉ်

## ၁၀-၈-၂၀၂၆ (တနင်္လာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မော်လိုက်မြို့ အရှေ့ဘက်ကမ်းရှိ ညောင်ဝန်း၊ လောင်းကောင်း၊ ညောင်သပြေရွာများအား နယ်မြေ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးမင်းမင်းဝေယျာမြင့်၊ စစ်ကိုင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၃)မြို့နယ်တွင် တာဝန်ထမ်းဆောင် လျက်ရှိသော အစိုးဝန်ထမ်းများအား ဒေသစရိတ်ထောက်ပံ့ပေးလျက်ရှိပြီး ကျန်ရှိသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ဒေသစရိတ် ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း"စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏**

(၁) "ဟုမ္မလင်းမြို့နယ်၊ ကြက်လျှာစွန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အသစ် ဆောက်လုပ်နေသော ပေ(၁၂၀ x ၃၀) အခြေခံပညာမူလတန်းကျောင်းတွင် တစ်ထပ်ကျောင်းဆောင် ကြမ်းခင်းနှင့် အုတ်စီနံရံကာ လုပ်ငန်းများအပြီးပြတ် ဆောင်ရွက်နိုင်ရန် လိုအပ်သော ဘိလပ်မြေ (၃၇၅)အိတ်ကို ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(၂) "ဟုမ္မလင်းမြို့နယ်၊ ဟဲခမ်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အသစ် ဆောက်လုပ်နေသော အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်စာသင်

ဆောင်၏ မြေညီထပ်ကြမ်းခင်းနှင့် အုတ်စီနံရံကာများ အပြီးသတ်နိုင်ရန် အတွက် လိုအပ်သော ဘိလပ်မြေ(၅၅၀)အိတ်ကို ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "စစ်ကိုင်းမြို့၊ ရေဘေးအန္တရာယ်ကင်းဝေစေရေးနှင့် ရေရှည်ခိုင်မာစွာ တည်ရှိနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများက ရေကာတာအရှည်(ပေ)မည်မျှ ဆောင်ရွက်ပေးမည်၊ မည်ကဲ့သို့ အစီအမံများဖြင့် ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏**

(၁) "ဘုတလင်မြို့တွင် မီးလောင်ပျက်စီးခဲ့သော စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးဆိုင်ခန်းနေရာများအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို ကြောင်း"စပ်လျဉ်းသည့်မေးခွန်း။

(၂) "ဘုတလင်မြို့၊ ဗန္ဓုလရပ်ကွက်ရှိ မုံရွာ-ရေဦး၊ လဝက ရုံးလမ်းမှ ကန်မကြီးအထိ ဗုဒ္ဓပြတိုက်လမ်းအရှည် (၉၃၀ ပေ)အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မုံရွာမြို့ ရွှေစိတ်ကြည်ရပ်ကွက်အနီး၌ စွန့်ပစ်ထားသော အမှိုက်များကို မီးရှို့ရာမှ ထွက်ပေါ် လာသော မီးခိုးအငွေ့များနှင့် ညှော်အနံ့များ ကင်းဝေးရေးအတွက် အမှိုက်စွန့်ပစ်မှု ရပ်တန့်ပြီး နေရာရွှေ့ပြောင်းပေးရန် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ ကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။

၇။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၏ "လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ"အား လွှတ်တော်သို့ တင်သွင်းခြင်း။

၈။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၏ "လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ"နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထား ရယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၉။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ "လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ"အား လွှတ်တော်သို့ တင်သွင်းခြင်း။

၁၀။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ "လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ"နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထား ရယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၁၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။